ဘုရားဖူးသုတရာကက်သလစ်ကမ္ဘာ အပိုင်း (၇)

မယ်တော်သခင်မ၏အံ့ဖွယ်တန်ခိုးပြခဲ့ရာ လုဒ်မြို့နှင့် ဘုရားဖူးဌာနေ

ကက်သလစ်ခရစ်ယာန်များဟာ ယေရှုခရစ်တော်၏ မယ်တော် မာရိယာအား သဒ္ဓါကြည်ညိုခြင်းပေးရာမှာ အင်မတန်မှကိုင်းရှိုင်းလွန်းလှပါတယ်။ ၎င်းမယ်တော်တစ်ဆူးတည်းကိုပင် ဘွဲ့နာမတော်အမျိုးမျိုးဖြင့် ခေါ်ဝေါ်သမုတ်၍ သဒ္ဓါကြည်ညိုခြင်း ပြုကြပါတယ်။ အချို့ဘွဲ့နာမတော်များမှာ မယ်တော်သခင်မ၏ ရုပ်ရှင် အံ့ဖွယ်တန်ခိုးပြရာ နေရာများကို အစွဲပြု၍လည်း ခေါ်ဝေါ်သမုတ်တတ်ကြပါတယ်။ ဒီနေ့တော့ လုဒ်မယ်တော်သခင်မဟူသော ဘွဲ့နာမတော်တွင်စေသည့် မယ်တော်သခင်၏ရုပ်ရှင် တန်ခိုးပြရာ လုဒ်မြို့လေးနှင့် မိတ်ဆက်ပေးချင်ပါတယ်။

ပြင်သစ်ပြည် အနောက်တောင်ပိုင်းတွင် ပြင်သစ်နှင့် စပိန်နိုင်ငံတို့အကြားမှာ အမြင့်ပေ ၁သောင်းကျော်ရှိပြီး မိုင်ပေါင်း ၃၀၅ မိုင်ခန့်ရှည်လျားသည့် ပီရယ်နီး (Pyrenees)တောင်တန်းကြီးရှိပါတယ်။ လုဒ်မြို့လေးဟာ ၎င်းတောင်တန်းကြီး၏ တောင်အောက်ခြေတွင် တည်ရှိသည့်မြို့လေးတစ်မြို့ဖြစ်တာမို့ အင်မတန်မှ အေးချမ်းသာယာလှတဲ့ မြို့လေးတစ်မြို့ပါပဲ။ လမ်းပမ်းဆက်သွယ်ရေး စနစ်ကောင်းမွန်လှတာကြောင့် ပြင်သစ်နိုင်ငံ၏မြို့တော် ပဲရစ်မှတဆင့် အမြန်ရထားဖြင့် ၆ နာရီခန့်စီးလျှင်ပင် ၎င်းမြို့လေးကို ရောက်ရှိနိုင်ပါပြီ။ လေကြောင်းလည်း ရှိသလို၊ အဝေးပြေးဘတ်စ်ကားတို့ဖြင့်လည်း ခရီးနှင်နိုင်ပါတယ်။ လုဒ်မြို့လေးဟာ အမှန်တကယ်တော့ ရွာသာသာလေးပါပဲ။ သို့သော် သန့်ရှင်းသပ်ရပ်ပြီး အင်မတန်မှ စိတ်ငြိမ်အေးချမ်းလှပါတယ်။ ဒို့အပြင် ဘုရားဖူးဌာနေ လုဒ်မယ်တော်သခင်မ၏ ရုပ်ရှင် တန်ခိုးပြရာ ဂူဗိမာန်လေးနှင့်အတူ ခန့်ညားသပ်ပယ်လှသည့် ဘာစီလီကာကြီးလည်း ရှိသည်မို့ နှစ်စဉ် နှစ်စဉ် သန်းနှင့်ချီသော ကမ္ဘာတဝှမ်းမှ ဘုရားဖူးခရီးသည်များဖြင့် ပြည့်နေတတ်ပါတယ်။ ကီလိုမီတာအားဖြင့် ပျမ်းမျှတွက်ရလျှင် လုဒ်မြို့လေးဟာ ပဲရစ်ပြီးလျှင် ဒုတိယဟိုတယ်အများဆုံးမြို့လေးပါပဲ။

မနက်မိုးလင်းအာရုံတက်သည့်အချိန်မှစ၍ ည ၇ နာရီခန့်ထိ မစ္ဆားတရားများကို ဘာသာစကားအမျိုးမျိုးဖြင့် ပူဇော်နေပါတယ်။ ဘာစီလီကာကျောင်းတွင်းထဲမှာသော်လည်းကောင်း မယ်တော်သခင်မ တန်ခိုးပြရာ ဂူဗိမာရှေ့တွင်လည်း အမြဲလိုလို ရှိနေတတ်ပါတယ်။ ထိုနောက် ည ၈ နာရီမှာတော့ အားလုံးအတူတကွ စီတန်းလှည့်လည်ပြီး စိတ်ပုတီးစိတ်ခြင်း၊ အာဝေမာရီသီချင်းများ သံပြိုင်သီဆိုရင်းဖြင့် တနေ့တာ ဘုရားဖူးခရီးစဉ်ကို လှလှပပအဆုံးသပ်ပါတယ်။ ဘဝရဲ့အလှဆုံးနေ့တစ်နေ့ဖြစ်မှာ သေချာပါတယ်။ မြို့အတွင်းမှာလည်း ဘာသာရေး အမှတ်တရပစ္စည်းများကို အားရပါးရဝယ်ယူနိုင်ပါတယ်။

ခရစ်သက္ကရာဇ် ၁၈၅၈ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်နေ့တွင် ၎င်းမြို့လေးတွင် ထူးဆန်းသော တန်ခိုးလက္ခဏာတစ်ခု ဖြစ်ပေါ်ခဲ့ပါတယ်။ ခရစ်တော်သခင်ဘုရား၏ မယ်တော် မာရိယာဟာ အသက် ၁၄ နှစ်အရွယ် ဘက်နက်ဒက်ဟူသော သိုးကျောင်းသူ၊ ကမလေးမလေးအား မိမိကိုယ်ကို ၁၈ ကြိမ်တိုင်တိုင် ရုပ်ရှင်ပြသခဲ့ပါတယ်။ ထို့နောက် ထိုကလေးမလေး ဘက်နက်ဒက်မှတဆင့် ကမ္ဘာကြီးအတွက် သတင်းစကားပါးခဲ့ပါတယ်။

၁၈၅၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့၊ ဝါကြီးဝင်သည့်ဗုဒ္ဓဟူးနေ့အပြီး ကြာသပတေးနေ့တွင် ဘက်နက်ဒက်၏မိခင်က အိမ်တွင် ထင်းမရှိတော့ကြောင်း သားသမီးတွေကိုပြောပြနေပါတယ်။ ဒါနဲ့ ဘက်နက်ဒက်ရယ် ညီမဖြစ်သူ တွိုင်နက် (Toinette)ရယ် နောက် အိမ်ဘေးမှ သူငယ်ချင်း ဂျင်းနီတို့ဟာ

ဂိတ် (Gave)မြစ်ဘေးသို့ ထင်းခွေဖို့ ထွက်လာခဲ့ကြပါတယ်။ အလွန်အေးတဲ့ ရေမြောင်းကို ဖြတ်ကူးရခါနီးတွင် ဘက်နက်ဒက်မှာ ပန်းနာဝေဒနာခံစားနေရတာမို့ ဖြတ်မကူးတော့ဘဲ မြစ်ရိုးဘေးမှာဘဲ တစ်ယောက်တည်း နေခဲ့ပါတော့တယ်။ ညီမဖြစ်သူ တွိုင်နက်နှင့် သူငယ်ချင်း ဂျင်းနီးတို့ကတော့ တဖက်ကမ်းကူးပြီး ထင်းရှာနေခဲ့ကြပါတယ်။ ထိုအချိန်မှာပဲ ရုတ်တရက်ဆိုသလို ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ရပ်တန့်နေသော်လည်း ဘက်နက်ဒက်ကတော့ မုန်တိုင်းလိုလိုအသံတွေကို ကြားလိုက်ရပါတယ်။ သူမလည်း ခပ်လန့်လန့်နဲ့ စကားများဆို့နင့်ကာ မားမားကြီးရပ်နေမိတော့တယ်။ ဒါနဲ့ မာဆာဘီလဲ (Massabieille)ဟုအမည်တွင်သော ကျောက်ဂူဘက်သို့ သူမ လှည့်ကြည့်လိုက်ပါတယ်။ အဲဒီ ဂူအတွင်းမှ ရွှေရောင်သန်းနေသောအရိပ်တစ်ခု ဖြည်းဖြည်းချင်းထွက်ပေါ်လာတာကို သူမမြင်တွေ့ခဲ့ရတယ်။ နောက်တော့ အဲဒီရွှေရောင်သန်းနေခဲ့တဲ့ အရိပ်တစ်ခုဟာ အရမ်းချောမောလှပတဲ့ ခပ်ငယ်ငယ် အမျိုးသမီးတစ်ဦးဖြစ်မှန်း သူမ မြင်တွေ့လာခဲ့ရပါတော့တယ်။ ၎င်းအမျိုးသမီးချောလေးက သူမအား ဂူရှေ့သို့တိုးလာခဲ့ဖို့ ဖိတ်ခေါ်ပါတယ်။ သူမကိုလည်း ညှင်သာတဲ့ အပြုံးများဖြင့် ကြည့်နေတော့ မိခင်တစ်ယောက်က သူမသမီးကို ကြင်နာယုယစွာဖိတ်ခေါ်နေသလိုပါပဲ။ ထိုအမျိုးသမီး၏ လက်ယာဘက်တွင် စိတ်ပုတီးတစ်ကုံးလည်း ပါလာပါသေးတယ်။ ဒါနဲ့ ဘက်နက်ဒက်လည်း သူမတွင်ပါလာသော စိတ်ပုတီးကို ထုတ်၍ စိတ်ပုတီးစိတ်ဖို့ကြိုးစားရာ သူမလက်တွေဟာ မလှုပ်မရှားနဲ့ သေနေသလိုဖြစ်နေခဲ့ပါတယ်။ ဒီအချိန်မှာ ရုပ်ပါရုံမှ အမျိုးသမီးချောလေးက စိတ်ပုတီးကို ဦးဆောင် စတင်လိုက်ပါတော့တယ်။ ဒီလိုမှ ဘက်နက်ဒက်လည်း လှုပ်ရှားလာနိုင်ပြီး သူမလုပ်သည့်အတိုင်း လိုက်လုပ်ခဲ့ပါတယ်။ ဘက်နက်ဒက်နှင့် သူမတို့ စိတ်ပုတီးအတူတကွ စိတ်ဆိုကြပြီးနောက် ၎င်းဂူအတွင်းသို့ မှေးမှိန်ပျောက်ကွက်သွားပါတော့တယ်။

ဤထူးဆန်းတဲ့ဖြစ်ရပ်အကြောင်းကို သူမညီမကိုပြောပြခဲ့ပြီး လျှို့ဝှက်ထားဖို့လည်း မှာထားခဲ့ပါတယ်။ သူမ၏အမြင်တွေထဲမှာတော့ ထိုနေ့ကစလို့ ထိုရုပ်ပါရုံထဲမှ အမျိုးသမီးကိုသာ မြင်နေပါတော့တယ်။ ထို့နောက် ညနေမိသားစုမေတ္တာဆိုခါနီးမှာတော့ သူမအခက်တွေ့ပြီး ငိုခါနီးဖြစ်ရာ မိခင်ဖြစ်သူက ဘာဖြစ်သလဲဟု မေးမြန်းပါတော့တယ်။ အဲဒီမှာပဲ သူမညီမက ဖြစ်သမျှအကုန်ပြောပြလိုက်ပါတော့တယ်။ မိခင်ဖြစ်သူက ၎င်းမှာ အထင်မှားစွဲလန်းခြင်းသာဖြစ်သည်ဟု သတိပေးပြီး သူမအား ထိုမာဆာဘီဂူသို့ ထပ်မသွားရန် ရပ်တားမြစ်လိုက်ပါတော့တယ်။

ဘက်နက်ဒက်တစ်ယောက် အိပ်၍မပျော်ပါ။ ရုပ်ပါရုံထဲက အမျိုးသမီးဟာ သိပ်ကိုလှပလွန်းပြီး ဂုဏ်သရေတင့်တယ်လှသည်မို့ မျက်စိထဲက ထုတ်၍မရပါ။ မိခင်ပြောသမျှ စကားတွေလည်း သူမအား မထိုးဖောက်နိုင်တော့လောက်အောင် သူမတစ်ယောက် အငိုက်မိနေသလိုပါပဲ။ သူမရဲ့ယုံကြည်မှုမှာ ခိုင်မြဲနေပြီ။ သူမက - ရုပ်ပါရုံထဲမှ အမျိုးသမီးဟာ အသက် ၁၆-၁၈ခန့်သာရှိလောက်မည်။- အလွန်ဖြူစင်တဲ့ဝတ်ရုံကို ခြုံထားပြီး အပြာရောင်ဖဲကြိုးဖြင့် တောက်လျှောက်စည်းထားသည်။- သူမဦးခေါင်းပေါ်မှာလည်း အဖြူရောင် ဇာသပက်ခြုံထားသည်။-သူမဟာ ခြေတုံးလုံးဖြစ်သည့်တိုင် သူမ၏ဝတ်ရုံများက ခြေမ,ထိတိုင်လွှမ်းခြုံထားသည်။-သူမ၏ညာဘက်လက်မှာတော့ စိတ်ပုတီးတစ်ကုံးကိုင်ထားပြီး တွဲစင်းကျနေရာ သူမခြေဖျားမှ နှင်းဆီနှစ်ပွင့်နှင့် အရောင်ထွန်းတောက်နေသည်။- တနင်္ဂနွေနေ့မှာတော့ သူမအား ၎င်းဂူသို့ ပြန်သွားဖို့ သူမမိခင်က ခွင့်ပြုပေးခဲ့ပါတော့တယ်။

ဒီလိုနဲ့ သူမနှင့်အတူ သူငယ်ချင်းများ၊ မိဘများ တနေ့ပြီး တနေ့ အဖော်လိုက်လာခဲ့ကြပြီး နောက်ထပ် ၁၇ ကြိမ်တိုင်တိုင် ၎င်းရုပ်ပါရုံတန်ခိုးကို ဖူးခဲ့ကြပါတယ်။ ၎င်းရုပ်ပါရုံများမှာ မယ်တော်သခင်မဟာ ဘက်နက်ဒက်နှင့်အတူ စကားပြောဆိုနေခဲ့ပြီး ကမ္ဘာကြီးအတွက် စိုးရိမ်စရာများကိုလည်း သတိပေးပြောကြားခဲ့ပါတယ်။ အပြစ်သားများအတွက် အပြစ်ဒဏ်သင့်မည့်အရေးကို မြင်တွေ့ခဲ့ရပြီး ဆဋ္ဌမအကြိမ်မြောက်ရုပ်ပါရုံတွင် သူမ၏မျက်နှာတော်မှာ ရွှင်လန်းခြင်းမရှိဘဲ အကြောင်းရင်းကိုမေးမြန်းရာတွင် အပြစ်သားများအတွက် ဆုတောင်းကြပါ ဟုမိန့်ဆိုခဲ့ပါတယ်။ ထို့နောက် ဘက်နက်ဒက်နောက်တွင် လိုက်ပါလာသော လူအုပ်ကြီးကိုလည်း နောင်တရကြဖို့ မယ်တော်သခင်မက သတိပေးခဲ့ပါတယ်။ ထို့နောက် စိတ်ပုတီးစိတ်ကြဖို့ ထပ်မံ မှာကြားခဲ့ပါတယ်။ ဒို့အပြင် လူထုအတွက်လည်း တန်ခိုးလက္ခဏာများကို သူမပြသပေးခဲ့ပါတယ်။ နဝမ္မမြောက် ရုပ်ပါရုံတွင် ဂူအောက်ခြေရှိ မြေတစ်နေရာအား ညွှန်ပြကာ ဘက်နက်ဒက်အား လက်ယက်တွင်းလေးပြုလုပ်ရန် စေခိုင်းခဲ့ပါတယ်။ ထိုလက်ယက်ရာနေရာမှ ရေများ စီးထွက်လာပြီး စမ်းချောင်းလေးသဖွယ်ဖြစ်လာပါတော့တယ်။ ထိုလက်ယက်တွင်းလေးမှ နေ့စဉ် ရေ ၂၇ ဂါလံရရှိသည်ဟု ဆိုကြပါတယ်။ ထူးဆန်းသည့်တန်ခိုးလက္ခဏာက ထိုစမ်းရေမှ ရေဖြင့် နာမကျန်းသူတွေကို ကုသရာ များစွာသော ဝေဒနာများပျောက်ကင်းသက်သာကြပါတယ်။ အထူးသဖြင့် ဆရာဝန်တွေ လက်လွှတ်လိုက်ရသော လူနာများဟာ ထိုစမ်းရေဖြင့် ပျောက်ကင်းသက်သာလာကြောင်း သိပ္ပံကျကျ သက်သေခံနေရာ ယနေ့ထိ လူနာပေါင်းများစွာပါပဲ။ ၎င်းအံ့ဖွယ်ကုသခြင်းကို သိပ္ပံကျကျ လေ့လာနေသော ဆရာဝန်များလည်း ရှိပြီး ယနေ့ထိလေ့လာနေဆဲဖြစ်သော်လည်း "ရှင်းမပြနိုင်သော အံ့ဖွယ်ကုသခြင်း ဟုသာမှတ်ချက်ပေးခဲ့ကြပါတယ်"။ ဒီအတွက်ကြောင့် လုဒ်မြို့လေးကို ရောဂါဝေဒနာများ ကုသရာ မြို့လေးဟုလည်း ခေါ်ဆိုကြပါတယ်။ အမှန်စင်စစ် လုဒ်မြို့လေးတွင် ဝေနာသည်အစုံ တွေ့မြင်နိုင်ပါတယ်။ မြို့အတွင်း ထိုလူနာများကို ဂရုစိုက်ပေးမယ့် သီလရှင်အသင်းဂိုဏ်းတစ်ခုရှိပြီး ကမ္ဘာတဝှမ်းမှ လူကြီးလူငယ်မရွေး ပါဝင်လုပ်အားပေးနေကြသည်မှာ ကုသိုလ်ပွားစရာမြင်ကွင်းတစ်ခုပါပဲ။

ဤတန်ခိုးလက္ခဏာမှာ လုဒ်မြို့လေးတွင်သာ ဖြစ်သည်မဟုတ်ဘဲ လုဒ်မယ်တော်၏ရုပ်ပွားတော်ရှိရာ အချို့နေရာများတွင်လည်း အလားတူပုံစံတူ တန်ခိုးလက္ခဏာများ ဖြစ်ပေါ်လေ့ရှိပြီး လူအများ ကုသခြင်းကျေးဇူးတော် ရရှိခံစားနေကြပါတယ်။ ဥပမာကောင်းတစ်ခုကတော့ မြန်မာပြည်၊ ပဲခူးတိုင်းရှိ ညောင်လေးပင်မြို့လေးပင်ဖြစ်ပါတယ်။ နှစ်စဉ် ဖေဖော်ဝါရီလရောက်ပြီဆိုလျှင် မြန်မာတပြည်လုံးမှ ဘုရားဖူးသူတော်စင်များဖြင့် ပြည့်နှက်နေတတ်သည်ကို သတိထားမိကြပါလိမ့်မယ်။ မြန်မာပြည်မှာတော့ ဆုတောင်းပြည့်လုဒ်မယ်တော် (သို့) ညောင်လေးပင်မယ်တော်ဟုလည်း ခေါ်ဆိုသမုတ်ကြပြီး သဒ္ဓါကြည်ညိုခြင်းများ ပေးနေကြသလို ထိုနေရာမှာ ပြုတော်မူခဲ့သော တန်ခိုးလက္ခဏာကိုလည်း သက်သေခံနေလျက်ရှိကြပါတယ်။ ၎င်းညောင်လေးပင်မြို့ မယ်တော်ဂူတည်ထားရာ အောက်ခြေဘေးတွင် ဘက်နက်ဒက်၏စမ်းချောင်းလေးကဲ့သို့ စမ်းချောင်းလေးကို ထူးဆန်းစွာတွေ့မြင်ရမှာဖြစ်သလို၊ ယုံကြည်သူအတွက် ကုသခြင်းကျေးဇူးတော်များလည်း အထူးခံစားနေရသည်ကို အံ့သြစွာ သက်သေခံပါလိမ့်မည်ဖြစ်ကြောင်း ဝေငှလိုက်ပါတယ်။

မနောအောင်